ငါကိုယ်တော်သည် (သွေဖည်ငြင်းပယ်သည့်) လူသားတို့အား၎င်းတို့အနေဖြင့် အလ္လာဟ်အရှင်မြတ်မှအပ

အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်း

မုဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏

ရစူလ်တမန်တော်ဖြစ်တော်မူကြောင်း သက်သေခံလာသည်အထိ၊ဆွလာသ် ဆောက်တည်လာသည်အထိ၊

အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ငါကိုယ်တော်သည် (သွေဖည်ငြင်းပယ်သည့်) လူသားတို့အား ၎င်းတို့အနေဖြင့်
အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်း မုဟမ္မဒ်သည်အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်တော်မူကြောင်း သက်သေခံလာသည်အထိ၊ ဆွလာသ်
ဆောက်တည်လာသည်အထိ၊ ဇကာသ် ပေးဆောင်လာသည်အထိ တိုက်ခိုက်ရန် အမိန့်ပေးခြင်းခံရသည်။
ထို့ကြောင့် ၎င်းတို့အနေဖြင့် ထိုကိစ္စများကို ဆောင်ရွက်ကြလျှင် ၎င်းတို့၏
အသက်ခန္ဓာနှင့် ၎င်းတို့၏ အိုးအိမ်စည်းစိမ်များကို ငါကိုယ်တော်ဘက်မှ
ကာကွယ်ပြီးဖြစ်သည်။ သို့သော် အစ္စလာမ့် ဥပဒေကို ချိုးဖောက်လျှင် အရေးယူခံရမည်။
၎င်းတို့အား စာရင်းစစ်ဆးခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာ မိမိသည်ကာဖိရ်မုရှ်ရိက်များနှင့် ပတ်သက်၍ ၎င်းတို့သည် တစ်ပါးတည်း ဖြစ်တော်မူသောဖက်စပ်ယှဉ်တွဲမှုကင်းတော်မူသော အလ္လာဟ်အရှင်မြတ်မှအပ စစ်မှန်သည့်ကိုးကွယ်ရာအရှင်မရှိကြောင်းနှင့် မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေခံလာသည်အထိ၊ ထိုရှဟာဒသ် သက်သေခံမှု၏တောင်းဆိုချက်ဖြစ်သော နေ့နှင့်ညတွင် ဆွလာသ်ငါးကြိမ်ကို ဆောက်တည်လာသည်အထိ၊ဖရ်ဿ်ွအဖြစ် သတ်မှတ်ထားသော ဇကာသ်ကို စားထိုက်သူများအား ပေးလာသည်အထိ တိုက်ခိုက်ရန်အမိန့်ပေးခြင်းခံရသည်။ ၎င်းတို့အနေဖြင့် ထိုကိစ္စများကို ဆောင်ရွက်ပါကအစ္စလာမ်သာသနာသည် ၎င်းတို့၏အသက်ခန္ဓာနှင့် ဥစ္စာပစ္စည်းများကို အကာအကွယ်ပေးလိုက်ပြီဖြစ်သောကြောင့် အစ္စလာမ့် ဥပဒေအရ သေဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်သည့်အတွက် သေဒဏ်စီရင်ခြင်းမှလွဲ၍ ၎င်းတို့၏အသက်အားထိပါးခွင့်လုံးဝမရှိတော့ပါ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးသားထဲရှိလျှို့ဝှက်ချက်များကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်သောကြောင့် ကိယာမသ်နေ့တွင်၎င်းတို့အားစာရင်းစစ်ဆေးတော်မူမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/4211